# မုန်းတီးမှု/ခွဲခြားဆက်ဆံမှုကို တိုင်ကြားပါ

လူမှုအသိုင်းအဝိုင်းအဖွဲ့ဝင်များသည် COVID-19 ကပ်ရောဂါကာလအတွင်း  အာရှနှင့် ပစိဖိတ်ကျွန်းသား (API) ပြည်သူများအပေါ် ပစ်မှတ်ထားနေသည့် Asian Pacific American Affairs (CAPAA) မုန်းတီးမှု ဖြစ်ရပ်များအတွက် Washington State Commission ထံသို့ တိုင်ကြားချက် ထပ်ဆင့်ပေးပို့ထားပါသည်။ ကံမကောင်းစွာဖြင့်ပင် CAPAA သည် လူမှုအလုပ်များ မလုပ်နိုင်ပါ သို့မဟုတ် တရားရေးရာ အကြံပေးမှု ဆောင်ရွက်မပေးနိုင်ပါ။ အမုန်းပွားသော အပြုအမူများ ခံရသူအားလုံးအား အောက်ပါတို့ကို လုပ်ဆောင်ရန် တိုက်တွန်းအပ်ပါသည်-

**လိုအပ်ပါက ဆေးဘက်ဆိုင်ရာ အကူအညီ ရယူပါ။**

**ဖြစ်ရပ်ဖြစ်ပြီးနောက် ပြစ်မှု၏ အသေးစိတ်အားလုံးကို တတ်နိုင်သမျှ အမြန်ဆုံးချရေးပါ။** ပြစ်မှုကျူးလွန်သူ[များ]၊ လိင်၊ အသက်၊ အရပ်အမြင့်၊ လူမျိုး၊ ကိုယ်အလေးချိန်၊ အဝတ်အစားများနှင့် တခြား ခွဲခြားသိမြင်သော လက္ခာရပ်များ ပါဝင်သည်။ ခြိမ်းခြောက်မှုများ သို့မဟုတ် ဘက်လိုက်သော မှတ်ချက်များ ရှိပါက ၎င်းတို့ကို တိုင်ကြားစာတွင် ထည့်သွင်းပါ။

**တိုင်ကြားစာရေးပါ။** ဖြစ်ရပ်ကို သင်၏ ဒေသန္တရ တရားစီရင်ပိုင်ခွင့်ထံ တင်ပြပါ။ ခံရသူများသည် ရဲဌာနသို့ မသွားလိုပါက ဒေသန္တ အများပြည်သူ အခွင့်အရေးများ/လူ့အခွင့်အရေးများ ဝန်ထမ်းအင်အားစုသို့ တိုင်ကြားချက် တင်ပြပါ)။ ဖြစ်ရပ်မှာ အမုန်းပွားသော ပြစ်မှု၏ တရားရေးရာ အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် မကိုက်ညီပါက ၎င်းကို သင့်လျော်သော အဖွဲ့ထံ တင်ပြရန်မှာ အရေးကြီးပါသည်။ အောက်ဖော်ပြပါ အချက်အလက်များကို ကိုးကားပါ။

နိုင်ငံတော်၊ ကောင်တီနှင့် မြို့တော် အစိုးရများအပြင် အခြား အဖွဲ့အစည်းများတွင် အောက်ဖော်ပြပါရင်း မြစ်များအပြင် တခြားရင်းမြစ်များအပါအဝင် အမုန်းပွားမှုနှင့် ခွဲခြားဆက်ဆံမှုလုပ်ရပ်များကို တိုင်ကြားရန် နေရာရှိတတ်ပါသည်-

- Washington State Human Rights Commission
  ဥပဒေအရ လူတိုင်းတွင် အလုပ်ခွင်၊ နေအိမ်၊ အများပြည် နေရာထိုင်ခင်း သို့မဟုတ် ခရက်ဒစ်နှင့် အာမခံ ရယူချိန်တို့တွင် ခွဲခြားဆက်ဆံခံရမှု ကင်းလွတ်ခွင့် ရှိပါသည်။ ကာကွယ်ထားသော အတန်းအစား အခြေအနေအပေါ် အခြေခံ၍ ခွဲခြားဆက်ဆံခံနေရသည်ဟု ယုံကြည်သူတိုင်းက အလုပ်ရှင်များ၊ အိမ်ရာစီစဉ်ပေးသူများနှင့် လုပ်ငန်းများကို ခွဲခြားဆက်ဆံမှုအတွက် တရားစွဲဆိုင်နိုင်ပါသည်။

- King County Office of Civil Rights
  ဤရုံးသည် King County (ကင်းကောင်တီ) အစိုးရနှင့် King County (ကင်းကောင်တီ) (မြို့တော်များပြင်ပ) ၏ ပေါင်းစည်းမထားသော အပိုင်းများရှိ အလုပ်ရှင်များ၊ အိမ်ရာ စီစဉ်ပေးသူများအပြင် လုပ်ငန်း

များအတွက်သာ ခွဲခြားဆက်ဆံရေး တိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းရန် အခွင့်အာဏာ ရှိပါသည်။

- [Seattle Office for Civil Rights]
  ဤရုံးသည် အိမ်ရာ၊ အလုပ်အကိုင် သို့မဟုတ် Seattle (စီရက်တဲလ်) မြို့တော် ကန့်သတ်ချက်များ အတွင်းရှိ အများပြည်သူ နေရာများတွင် ခွဲခြားဆက်ဆံသော နှောင့်ယှက်မှု ဆန့်ကျင်ကာကွယ်ပေးသည့် ဥပဒေများကို ထိန်းသိမ်းကိုင်စွဲထားပါသည်။

- [Spokane Police Department - အမုန်းပွားမှုနှင့် ဘက်လိုက်သော ပြစ်မှုများကို တိုင်ကြားရေး]
  ဤစာမျက်နှာတွင် အမုန်းပွားသော ပြစ်မှု၏ အဓိပ္ပါယ်နှင့် ၎င်းကို တိုင်ကြားနည်းဆိုင်ရာ အချက်အလက်များ ပါဝင်ပါသည်။

- [City of Spokane's Human Rights Commission]
  ဤသည်မှာ သင်က Spokane (စပိုကိန်း) မြို့တော်တွင်နေထိုင်ပါက သင့်လျော်မှန်ကန်သော ဆက်သွယ်ရန်နေရာ ဖြစ်သည်။ ဤစာမျက်နှာတွင် တိုင်ကြားချက်အမျိုးမျိုး၏ အချက်အလက်များ ပါဝင်ပါသည်။

- [Spokane County Human Rights Task Force အမုန်းပွားမှုဖြစ်ရပ် တိုင်ကြားမှုဖောင်]
  ဤသည်မှာ သင်က Spokane (စပိုကိန်း) မြို့တော်တွင်နေထိုင်ပါက သင့်လျော်မှန်ကန်သော ဆက်သွယ်ရန်နေရာ ဖြစ်သည်။

ဖြစ်ပျက်နေသည့်အရာများနှင့် မူဝါဒပုံဖော်မှုအတွက် အများပြည်သူအား အသိပညာပေးရန် အောက်ပါ အဖွဲ့အစည်းများအနက်တစ်ခုထံ ဖြစ်ရပ်ကို တိုင်ကြားပေးပါ။ သင်သွားရောက်နိုင်သည့်နေရာ-

- [မုန်းတီးမှုကို ဆန့်ကျင်ပါ]
  Asian Americans Advancing Justice သည် ဘက်လိုက်မှု ဖြစ်ရပ်များကို ခြေရာခံနေပါသည်။ သင်ကြုံတွေ့ သို့မဟုတ် မျက်မြင်တွေ့နေရသည်များကို မျှဝေခြင်းဖြင့် အများပြည်သူကို အသိပညာပေးခြင်း၊ အခြားလူများကို လုပ်ပိုင်ခွင့်ပေးခြင်း၊ အကူအညီပေးသူများအား အကူအညီလိုနေသည့်နေရာများကို ညွှန်ပြခြင်းနှင့် အမုန်းပွားမှု ပြစ်မှု ဖြေရှင်းရေးနှင့် ကြိုတင်တားဆီးရေးအတွက် ထောက်ခံအားပေးမှု ကြိုးပမ်းချက်များကို အားကောင်းစေခြင်းတို့ကို သင်လုပ်နိုင်ပါသည်။ ဖောင်များကို အင်္ဂလိပ်၊ တရုတ် (ရိုးရာနှင့် ရိုးရှင်း)၊ ကိုရီးယားနှင့် ဗီယက်နမ်ဘာသာတို့ဖြင့် ရနိုင်ပါသည်။

- [AAPI Hate Incident Form]
  OCA – Asian Pacific American Advocates သည် Asian Americans and Pacific Islanders (AAPIs)

တို့၏ လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေး သာယာဝပြောမှု တိုးပွားလာစေရေးအပေါ် စူးစိုက်လုပ်ကိုင်နေပါသည်။ ဤဖောင်ဖြင့် အမုန်းပွားမှု ဖြစ်ရပ်များကို တင်ပြခြင်းက OCA – Asian Pacific American Advocates အား နိုင်ငံတစ်ဝှမ်းရှိ AAPI များအပေါ် အမုန်းပွားနေမှုများကို စောင့်ကြည့်နိုင်စေရန် ကူညီပေးပါမည်။

- [AAPI အမုန်းပွားမှုကို ရပ်တန့်ပါ]
  Asian Pacific Policy and Planning Council (A3PCON) နှင့် Chinese for Affirmative Action (CAA) တို့သည် လူမှုအသိုင်းအဝိုင်း အဖွဲ့ဝင်များအား ၎င်းတို့ ကြုံတွေ့နေရသည့် ဖြစ်ရပ်များကို တင်ပြရန် ဤတိုင်ကြားရေးစင်တာကို စတင်ဖွင့်လှစ်ခဲ့သည်။ ပုဂ္ဂိုလ်ရေး အထောက်အထား အသေးစိတ်များ အပါအဝင် အချက်အလက်တစ်ခုချင်းကို လျှို့ဝှက်သွားမည်ဖြစ်ပြီး ခွင့်ပြုချက်ဖြင့်သာ မျှဝေသွားပါမည်။ စုပေါင်း၍ဆိုပါက အချက်အလက်များကို အကူအညီ၊ အကြံပေးနှင့် အသိပညာပေးရေးအတွက် အသုံးပြုသွားပါမည်။ ဖောင်များကို အင်္ဂလိပ်၊ ဗီယက်နမ်၊ တရုတ်၊ ကိုရီးယား၊ ခမာ၊ ထိုင်းနှင့် တရုတ်ဘာသာတို့ဖြင့် ရနိုင်ပါသည်။

နောက်ဆုံးအနေဖြင့် Human Rights Campaign (HRC) တွင် အမုန်းပွားသော ပြစ်မှုများကို ခံစားရသူများအတွက် လမ်းညွှန်ရှိပါသည်- သင်က အမုန်းပွားမှု ပြစ်မှုကို ခံစားရသူဖြစ်နေပါက လုပ်ဆောင်ရန်။